ရိုးဂိုးကျေးရွာ

မော်လမြိုင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈- ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရိုးဂိုးကျေးရွာ၊ မော်လမြိုင်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇွန်လ

မာတိကာ

မာတိကာ

စကားချီး

ရိုးဂိုးကျေးရွာ သယံဇာတပြမြေပုံ၊ မော်လမြိုင်မြို့နယ်

အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (၁)

စီမံချက် အဆိုပြုလွှာ (၂)

စီမံချက် အဆိုပြုလွှာ (၃)

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ည ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုး ပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့်

လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဇန်နဝါရီလ ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရိုးဂိုးကျေးရွာ

မော်လမြိုင်မြို့နယ်

ရိုးဂိုး(ရွာသစ်)ကျေးရွာ သယံဇာတပြမြေပုံ၊ မော်လမြိုင်မြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	စီမံချက် (Project)	အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	မှတ်ချက်
၁	လျှပ်စစ်မီးကြိုးလဲလှယ်တပ်ဆင်ခြင်း	၁	Â					
၂	ကျောင်းအတွင်းစက်ရေတွင်းတူးေေခြင်း	၂		Â				
၃	ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း	၃			Â			

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ရိုးဂိုး(ရွာသစ်)ကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၏ ရိုးဂိုးကျေးရွာအုပ်စုတွင်ပါဝင်ပြီး ကျေးရွာမှာ မြောက်မှတောင်သို့ တည်ရှိပါသည်။ ရိုးဂိုး(ရွာသစ်)ကျေးရွာသည် မော်လမြိုင်-မုဒုံကားလမ်းဘေးတွင်ရှိပြီး မော်လမြိုင်မြို့နှင့် (၉)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာတွင် မွန် လူမျိုးများသာ စုပေါင်းနေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၁၄၉.၅) ဧက၊ ဥယျာဉ်ခြံမြေ (၆၇.၃) ဧက၊ စုစုပေါင်း (၂၁၆.၈) ဧက ရှိပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် မိခင်နှင့် ကလေး၊ အမျိုးသမီးရေးရာအဖွဲ့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စည်းရုံး လုပ်ဆောင်နေကြပါသည်။ ကလေးအခွင့်အရေးအဖွဲ့အစည်းသည် ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြပါသည်။ နာရေးကူညီမှုအသင်း သည် ကျေးရွာသူ/သားများ ၏နာရေး အဆင်ပြေစေရန်ကူညီ လုပ်ဆောင်လျက် ရှိပါသည်။ ထို့အပြင် မွန်ရိုးရာ ယဉ်ကျေးမှု အဖွဲ့လည်း ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း ရိုးဂိုးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ မရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ရိုးဂိုးကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၁၀) အိမ်ထောင်စု၊ ၂.၅ဧကမှ ၅ ဧကကြား တောင်သူငယ် (၃) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၁၈) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးနှင့် ဥယျာဉ်ခြံသီးနှံများကို အားထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက် ကျော်ခန့်ရှိပြီး အများစုသည် နေ့စား ကျပန်းနှင့်ပြည်ပတွင် သွားရောက် လုပ်ကိုင် နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေတွင်းရေကိုသာအဓိကထား စိုက်ပျိုး လုပ်ကိုင်ကြသည်။ စပါး အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၄၅) တင်းသာ ရှိပါသည်။ သီးနှံအထွက် တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုး သတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံ မျိုးစေ့များ ကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါး ဖျက်ပိုးနှင့် ခရုများ အနည်းငယ် ကျရောက်ပါသည်။ ထွက်ကုန်များမှာ ကျေးရွာအတွင်းရှိ မိသားစုဖူလုံရန်အတွက်သာရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လိုကြသော်လည်း ငွေကြေး အခက်အခဲနှင့် မြေနေရာအခက်အခဲများကြောင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကိုသာ လုပ်ကိုင်ကြရပါသည်။ မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည် ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာသည် မော်လမြိုင်မြို့နှင့် အလှမ်းဝေးသောကြောင့် တစ်ပိုင်တစ်နိုင် စျေးဆိုင်များ လုပ်ကိုင်ကြပြီး၊ သုံးဘီးယာဉ်မောင်းခြင်း နှင့် အလှပြင်လုပ်ငန်းများ လုပ်ကိုင်ကြ ပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့်

အလုပ်နှင့် လိုက်လျောညီထွေ ဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများ နှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူ ဦးရေများပြားပြီး လုပ်သားအင်အား ရှားပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သောအခြားဒေသထွက်ကုန်များကို ရောင်းချရန် စျေးကွက် အသင့်အတင့် ရှိသော်လည်း စျေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါ သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို ချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေဖြင့်သာ လုပ်ကိုင် ကြပါသည်။ မွေးမြူရေးလုပ်ငန်း များနှင့် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင် များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိ ပါသည်။ ကျေးရွာတွင် စက်ဘီး (၂၄၃) စီး၊ မော်တော်ဆိုင်ကယ် (၂၂၁) စီး၊ သုံးဘီးဆိုင်ကယ် (၁၁) စီး၊ ထော်လာကျီ (၁၅) စီး၊ ကား (၃၉) စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် ကွန်ကရစ်လမ်း (၄) လမ်း၊ မြေသားလမ်း (၁) လမ်းရှိပြီး ကွန်ကရစ်လမ်းများကို ကျေးရွာမှ လုပ်အား၊ငွေအားများဖြင့် အားတက်သရော လုပ်ဆောင် ကြခြင်း စသည်တို့ကြောင့် ကိုယ်ထူကိုယ်ထလမ်း ဖောက်လုပ်ရာတွင် ပို၍အဆင်ပြေစွာ ဆောင်ရွက်နိုင်ပါသည်။ ကတ္တရာလမ်းမှာ ကျေးရွာချင်း ဆက်လမ်းမကြီးဖြစ်ပြီးသွားလာရ အဆင်ပြေပါသည်။မြေသားလမ်းမှာ မိုးတွင်း ကာလများတွင် ဗွက်များ၊ ချို့ငဲ့များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် အိမ်ထောင်စုအများစုမှာ မဟာဓာတ်အားလိုင်းအား ချိတ်ဆက်၍ လျှပ်စစ်မီးအသုံးပြုနေကြပြီး၊ လျှပ်စစ်မီး လုံးဝ အသုံးမပြုနိုင်သေးသော အိမ်ထောင်စု အနည်းငယ်သာ ရှိပါသည်။ သို့ရာတွင်လျှပ်စစ်ဓာတ်ကြိုးများဟောင်းနွမ်းနေသဖြင့် လျှပ်စစ်ဓာတ်အား လုံလုံလောက်လောက်မရရှိပါ။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ရိုးဂိုးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၃၉၁) လုံး၊ ရေဒီယို (၅) လုံး၊တီဗွီ (၂၁၁) လုံးစသည်တို့မှ ရရှိသည့်အပြင် အမ်ပီတီနှင့် တယ်လီနော ဖုန်းတာဝါတိုင်များလည်း အနီးနားကျေးရွာတွင် ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

၆။ ပညာရေး

ကျေးရွာပိုင် မူလတန်း(လွန်)ကျောင်းတွင် မူလတန်းအဆင့် ပညာရေးကို သင်ကြားနိုင်ပြီး အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် များကို မော်လမြိုင်မြို့နှင့် မနီးအနားကျေးရွာတို့တွင် ဆက်လက်ပညာသင်ယူကြပါသည်။ တက္ကသိုလ် တက်နေသည့် ကျောင်းသားကျောင်းသူများလည်း အနည်းငယ် ရှိပါသည်။ မူလတန်း(လွန်)ကျောင်းတွင် ကျောင်း ဆောင်တစ်ခုသာပါရှိပြီး မိမိတို့ကျေးရွာမှ ကျောင်းသားများ သာမက အခြားနီးစပ်ရာ ကျေးရွာများမှပါ လာရောက်ပညာသင်ကြားနေကြ ပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ (၁၀.၀၄) ရာခိုင်နှုန်းမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြ ပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၄၄.၁) ရာခိုင်နှုန်းအထိ များပြား ခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၂၈) ရာခိုင်နှုန်း၊ အထက်တန်း အဆင့် စာတတ်မြောက်သူများမှာ (၁၂.၆၈) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက် သူမှာ (၂.၂) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များအတွက် လူစွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပြီး၊ ကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲနှင့် တိုက်နယ်ဆေးရုံ ရှိသည့်အပြင် ကုတင်နှင့် ဆေးဝါးအလုံ အလောက်ရှိပါသည်။ မော်လမြိုင်မြို့နှင့် နီးပြီး အလွယ်တကူသွားလာနိုင်သောကြောင့်

အရေးပေါ်အခြေအနေတွင် မော်လမြိုင် ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများ မရှိပေ။

ကျေးရွာတွင် သောက်သုံးရေကို တွင်းရေစက်ရေတွင်းကိုသာ အဓိကထား အသုံးပြုကြရပြီး ကျန်းမာသန့်ရှင်းသော သောက်သုံးရေရရှိရန် လိုအပ်နေပါသည်။ ကျေးရွာတွင် အိမ်ထောင်စုတိုင်းသည် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရိုးဂိုးကျေးရွာသည် မိုးရာသီတွင် ငှက်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

၉။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

ရိုးဂိုးကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရ ပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	ကျေးရွာအုပ်စု	ကျေးရွာ	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပငန်းများ	မှတ်ချက်
၁။	ရိုးကိုး	ရိုးကိုး(ရွာသစ်)	လျှပ်စစ်မီးကြိုးလဲလှယ်တပ်ဆင်ခြင်း	
၂။			ကျောင်းအတွင်းစက်ရေတွင်း တူးဖော်ခြင်း	
၃။			ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း	

နောက်ဆက်တွဲ

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	– ရိုးကိုး(ရွာသစ်)ကျေးရွာ
ကျေးရွာအုပ်စု	– ရိုးကိုးကျေးရွာအုပ်စု
မြို့နယ်	– မော်လမြိုင်မြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	– မွန်ပြည်နယ်
စီမံချက်အမည် – ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျေးရွာတွင်းလမ်းအခြေအနေမှာ မြေသားလမ်းဖြစ်ခြင်း၊ မိုးရာသီတွင် သွားလာရန်ခက်ခဲခြင်းတို့ကြောင့် ရွာတွင်းလမ်း ကွန်ကရစ် ခင်းခြင်းအား ဆောင်ရွက်ရန် လိုအပ်ပါသည်။	

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည် ဖြစ်သောကြောင့် ဆောင်ရွက်ရန် ဆန္ဒရှိပါသည်။
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) ရွာတွင်းလမ်းဆောင်ရွက်ပေးခြင်းဖြင့် ရာသီမရွေးသွားလာရန် လွယ်ကူပြီး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်လာမည်ဖြစ်ပြီး လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာစေရန် မျှော်မှန်းပါသည်။
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်) ရိုးဂိုး(ရွာသစ်)ကျေးရွာ ရွာတွင်းလမ်း (၆၀၀' × ၁၂' × ၆'') ဆောင်ရွက်မည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေမှာ ကျပ်သိန်း(၁၀၀) တိတိဖြစ်ပါသည်။
ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀/– (ငွေသား) • (ငွေသား) • xxxxxxxxxx (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ(ရိုးဂိုး(ရွာသစ်)) • ကျေးရွာ

နောက်ဆက်တွဲ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၅၆၇	၆၆၆	၁၂၃၃	၂၀	၁၉၇	၂၀	၁၅	၂၅၂
အကျိုးခံစားမည့် ဦးရေ	၅၆၇	၆၆၆	၁၂၃၃	၂၀	၁၉၇	၂၀	၁၅	၂၅၂
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ– ၃၊ အလွန်ဆင်းရဲ– ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊
(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) – ၁၀.၇.၂၀၁၈
(၃) စီမံချက် ပြီးစီးမည့်အချိန် – ၂၅.၉.၂၀၁၈
(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် ကျေးရွာသူ/သားများမှ လုပ်အားနှင့် ငွေကြေး လိုအပ်သလို ထည့်ဝင်ဆောင်ရွက်မည် ဖြစ်ပါသည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ ရိုးဂိုး(ရွာသစ်)ကျေးရွာ ရွာသူ၊ရွာသားများမှ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းအား စီမံချက်စတင်မည့်အချိန်၊ ပြီးစီးမည့်အချိန်တို့အား သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးရန်၊ လုပ်ငန်းပြီးစီးပါက ရေရှည်အသုံးပြုနိုင်ရန် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများမှ ပြုပြင်ထိန်းသိမ်းရေးများ ဆောင်ရွက်သွားရန်၊ ပျက်စီးဆုံးရှုံးမှုများရှိလာပါက မြို့နယ်ကျေးလက်ဦးစီးဌာန ရုံးနှင့် ဆက်သွယ် ဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	– ရိုးဂိုး(ရွာသစ်)ကျေးရွာ
ကျေးရွာအုပ်စု	– ရိုးဂိုးကျေးရွာအုပ်စု
မြို့နယ်	– မော်လမြိုင်မြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	– မွန်ပြည်နယ်
စီမံချက်အမည် –	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျေးရွာရှိ မူလွန်ကျောင်းအခြေအနေမှာ သွပ်မိုးဖြစ်သော်လည်း မိုးရာသီတွင် မိုးယိုပြီး ကလေးများစာသင်ကြားရန် ခက်ခဲခြင်းကြောင့် ကျောင်းခေါင်မိုးပြုပြင်ရန် လိုအပ်ပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) ကျောင်းခေါင်မိုးပြုပြင် ဆောင်ရွက်ပြီးစီးပါက ကျောင်းသား/သူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ စာသင်ကြားနိုင်မည် ဖြစ်သောကြောင့် ဆောင်ရွက်ရန်	

ဆန္ဒရှိပါသည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

ကျောင်းခေါင်မိုးပြုပြင်ပေးခြင်းဖြင့် မိုးရာသီတွင် ကျောင်းသား/သူများ လုံခြုံစိတ်ချစွာ စာသင်ကြားနိုင် စေရန် မျှော်မှန်းပါသည်။

စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်)

ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀/- (ငွေသား) • (ငွေသား) • xxxxxxxxxx (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ(ရိုးဂိုး(ရွာသစ်)) • ကျေးရွာ

နောက်ဆက်တွဲ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၅၆၇	၆၆၆	၁၂၃၃	၂၀	၁၉၇	၂၀	၁၅	၂၅၂
အကျိုးခံစားမည့် ဦးရေ	၅၆၇	၆၆၆	၁၂၃၃	၂၀	၁၉၇	၂၀	၁၅	၂၅၂
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ– ၃၊ အလွန်ဆင်းရဲ– ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊
(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) – ၁၀.၇.၂၀၁၈
(၃) စီမံချက် ပြီးစီးမည့်အချိန် – ၂၅.၉.၂၀၁၈
(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် ကျေးရွာသူ/သားများမှ လုပ်အားနှင့် ငွေကြေး လိုအပ်သလို ထည့်ဝင်ဆောင်ရွက်မည် ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

ရိုးဂိုး(ရွာသစ်)ကျေးရွာ ရွာသူ၊ ရွာသားများမှ ကျေးရွာ မူလွန်ကျောင်း ကျောင်းခေါင်မိုးပြုပြင်ခြင်း လုပ်ငန်းအား စီမံချက်စတင်မည့်အချိန်၊ ပြီးစီးမည့်အချိန် တို့အား သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးရန်၊ လုပ်ငန်းပြီးစီးပါက ရေရှည် အသုံးပြုနိုင်ရန် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများမှ ပြုပြင်ထိန်းသိမ်းရေးများ ဆောင်ရွက်သွားရန်၊ ပျက်စီးဆုံးရှုံးမှုများရှိလာပါက မြို့နယ်ကျေးလက်ဦးစီးဌာန ရုံးနှင့် ဆက်သွယ် ဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	– ရိုးဂိုး(ရွာသစ်)ကျေးရွာ
ကျေးရွာအုပ်စု	– ရိုးဂိုး ကျေးရွာအုပ်စု
မြို့နယ်	– မော်လမြိုင်မြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	– မွန်ပြည်နယ်
စီမံချက်အမည် – လျှပ်စစ်မီးကြိုးလဲလှယ်ခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျေးရွာတွင် သွယ်တန်းထားသည့် လျှပ်စစ်မီး ရှိသော်လည်း ခါတ်ကြိုးများဟောင်းနွမ်း လာခြင်းကြောင့် ခါတ်အားအပြည့်အဝမရရှိခြင်းတို့ကြောင့် ခါတ်ကြိုးအသစ်လဲလှယ်ရန်လိုအပ်ပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) အိမ်တိုင်းလျှပ်စစ်မီး ပြည့်ပြည့်ဝဝ အသုံးပြုနိုင်ပါက ကျောင်းသား/သူများ အဆင်ပြေချောမွေ့စွာ စာပေလေ့လာဖက်ရှူနိုင်ခြင်း၊ ကျေးရွာလုံခြုံရေး အခြေအနေများ	

တိုးတက်ကောင်းမွန် လာခြင်း၊ လျှပ်စစ်နှင့် ဆက်စပ်ပစ္စည်းများကို တွင်ကျယ်စွာ အသုံးပြုလာနိုင် မည် ဖြစ်သောကြောင့် ဆောင်ရွက်ရန် ဆန္ဒရှိပါသည်။
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) အိမ်တိုင်းလျှပ်စစ်မီးပြည့်ပြည့်ဝဝ အသုံးပြုနိုင်ရန် တပ်ဆင်ပေးခြင်းဖြင့် ကလေးများ ပညာရေးအတွက် အထောက်အကူဖြစ်လာနိုင်ခြင်း၊ သတင်းအချက် အလက်များ လွယ်ကူလျှင်မြန်စွာသိရှိလာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင် စေရန် မျှော်မှန်းပါသည်။
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်။

ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀/– (ငွေသား) • (ငွေသား) • xxxxxxxxxx (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ(ရိုးဂိုး(ရွာသစ်)) • ကျေးရွာ

နောက်ဆက်တွဲ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၅၆၇	၆၆၆	၁၂၃၃	၂၀	၁၉၇	၂၀	၁၅	၂၅၂
အကျိုးခံစားမည့် ဦးရေ	၅၆၇	၆၆၆	၁၂၃၃	၂၀	၁၉၇	၂၀	၁၅	၂၅၂
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ– ၃၊ အလွန်ဆင်းရဲ– ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊
(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) – ၁၀.၇.၂၀၁၈
(၃) စီမံချက် ပြီးစီးမည့်အချိန် – ၂၅.၉.၂၀၁၈
(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် ကျေးရွာသူ/သားများမှ လုပ်အားနှင့် ငွေကြေး လိုအပ်သလို ထည့်ဝင်ဆောင်ရွက်မည် ဖြစ်ပါသည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ ရိုးဂိုး(ရွာသစ်)ကျေးရွာ ရွာသူ၊ရွာသားများမှ ကျေးရွာ လျှပ်စစ်မီးကြိုးလဲလှယ်ခြင်းလုပ်ငန်းအား စီမံချက်စတင်မည့်အချိန်၊ ပြီးစီးမည့်အချိန် တို့အား သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးရန်၊ လုပ်ငန်းပြီးစီးပါက ရေရှည် အသုံးပြုနိုင်ရန် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများမှ ပြုပြင်ထိန်းသိမ်းရေးများ ဆောင်ရွက်သွားရန်၊ ပျက်စီးဆုံးရှုံးမှုများရှိလာပါက မြို့နယ်ကျေးလက်ဦးစီးဌာန ရုံးနှင့် ဆက်သွယ် ဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

ကော့လှာကျေးရွာ၊ ကော့လှာကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

ရိုးဂိုး(ရွာသစ်)ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးထွန်းရွှေ			၇၃	နာယက	၀၉၇၇၉၂၉၀၈၇၁	
၂	ဦးစိုးဟန်	ဦးသန်းစိန်	၁၀/မဒန(နိုင်) ၀၄၇၇၀၉	၆၈	နာယက	၀၉၇၈၃၀၂၄၂၇၆	
၃	ဦးဇော်ဝမ်း	ဦးအောင်ဖေ	၁၀/မဒန(နိုင်) ၀၀၁၇၅၃	၄၃	ဥက္ကဋ္ဌ	၀၉၂၅၅၇၂၀၇၇၉	
၄	ဦးဉာဏ်သိန်း(ခ)ဦးသီဟ	ဦးလှသိန်း	၁၀/မဒန(နိုင်) ၁၀၈၃၂၂	၄၀	အတွင်းရေးမှူး	၀၉၇၇၀၉၃၅၆၁၅	
၅	ဦးအောင်မြင့်	ဦးဝင်း	၁၀/မဒန(နိုင်) ၀၄၉၁၈၄	၅၈	ဘဏ္ဍာရေးမှူး	၀၉၅၃၁၀၇၂၅	
၆	ဒေါ်ခင်မာချို(ခ)မဝိုင်း	ဦးထွန်းစိန်	၁၀/မဒန(နိုင်) ၀၀၁၂၉၉	၄၂	စာရင်းကိုင်	၀၉၇၉၈၄၄၇၆၄၀	
၇	ဦးငွေဝင်း	ဦးစံအုန်း	၁၀/မဒန(နိုင်)၀၄၃၅၄၅	၆၀	စာရင်းကိုင်	၀၉၂၅၅၇၆၄၀၆၆	
၈	ဒေါ်ရတနာထွန်း	ဦးအောင်တင်	၁၀/မလမ(နိုင်) ၂၄၄၂၄၅	၁၉	စာရင်းကိုင်	၀၉၇၇၈၄၆၀၁၀၄	

၉	ဒေါ်ခိုင်သဇင်	ဦးအောင်မြတ်	၁၀/မလမ(နိုင်) ၂၆၉၁၇၇	၁၉	အဖွဲ့ဝင်	၀၉၇၈၄၂၀၄၇၆၅	
၁၀	ဦးဝင်းရွှေ	ဦးကိုကြီး	၁၄/လမန(နိုင်) ၀၁၃၇၉၃	၅၁	အဖွဲ့ဝင်	၀၉၄၂၅၃၂၂၂၇၅	
၁၁	ဦးအောင်စိုး	ဦးသောင်းညွှန့်	၁၀/မလမ(နိုင်) ၁၅၃၄၅၅	၄၃	အဖွဲ့ဝင်	၀၉၇၆၆၂၄၃၈၉၅	
၁၂	ဒေါ်သန်းရှင်	ဦးကျော်အုန်း	MME-587468	၆၃	အဖွဲ့ဝင်	၀၉၇၈၄၁၈၃၆၁၂	
၁၃	ဒေါ်စောရီ	ဦးချစ်ကြည်	၁၀/မဒန(နိုင်) ၀၂၈၃၁၈	၆၀	အဖွဲ့ဝင်	၀၉၇၈၅၂၁၁၄၄၆၇	
၁၄	ဦးလှထွန်းကြည်	ဦးသိန်းညွှန့်	၇/တငင(နိုင်) ၁၃၆၂၈၃	၄၃	အဖွဲ့ဝင်	၀၉၇၇၅၃၇၂၂၆၉	
၁၅	ဦးအောင်မြ(ခ) ဦးစိန်မောင်	ဦးဘိုးသိုင်း	၁၀/မဒန(နိုင်) ၀၄၈၀၇၇	၅၅	အဖွဲ့ဝင်	၀၉၂၅၅၇၇၃၈၉၀	

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၁၀	၁၆
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၃၃	၄၈	၈၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၃	၄၅	၈၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၆	၅၀	၉၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၀၇	၄၅၀	၈၅၇
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၃၂	၆၃	၉၅
စုစုပေါင်း		**၅၆၇**	**၆၆၆**	**၁၂၃၃**
စုစုပေါင်း အိမ်ထောင်စု		**၂၅၂**		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ရိုးကိုး(ရွာသစ်)ကျေးရွာသည် အိမ်ထောင်စု(၂၅၂)စု၊လူဦးရေ(၁၂၃၃)ဦး ရှိပါသည်။ ရိုးကိုး(ရွာသစ်) ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၂၉%)၊ မူလတန်းကျောင်းသားအရွယ် (၇.၁၃%)၊ အလယ်တန်းကျောင်းသားအရွယ် (၇.၇၉%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၉.၅%)၊ သက်ကြီးရွယ်ကြီးအရွယ် (၇.၇၀%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၀.၄၉)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား(၄၀၇)ဦး၊ မ(၄၅၀)ဦး စုစုပေါင်း(၈၅၇)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၉.၅)% ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ် ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်းစသည်)
လယ်မြေ	၁၄၉.၅	သင့်	ရ	-
ယာမြေ				
ဥယျာဉ်ခြံမြေ	၆၇.၃	သင့်	ရ	မြေအောက်ရေ
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
သစ်တောမြေ				
စုစုပေါင်း	၂၁၆.၈			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ရိုးဂိုး(ရွာသစ်)ကျေးရွာတွင် လယ်မြေ(၁၄၉.၅) ဧကရှိပြီးလယ်ယာစိုက်ပျိုးသူနည်းပါးပါသည်။ ဥယျာဉ်ခြံမြေ (၆၇.၃)ဧက ရှိပြီး မြေဆီလွှာ အရည်အသွေးအသင့် သင့် သာရှိပါသည်။ နှစ်ရှည်သီးနှံအဓိကထားစိုက်ပျိုးကြပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	-	-
ခါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	-	-
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	-	-
ပျမ်းမျှအပူချိန် -	ပျမ်းမျှ မိုးရေချိန် -	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာတွင် သဘာဝ သယံဇာတ ထွက်ရှိမှု မရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက်
၁	မိခင်နှင့် ကလေး	၁□ ၂Â ၃□	ပညာရေး Â ငွေကြေး□ ကျန်းမာရေး Â ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □	

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက်
			သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး□	
၂	အမျိုးသမီး ရေးရာ	၁□ ၂Â ၃□	ပညာရေး Â ငွေကြေး□ ကျန်းမာရေး Â ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး□	
၃	ကလေးအခွင့် အရေးအဖွဲ့ အစည်း	၁□ ၂Â ၃□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး□	
၄	နာရေးကူညီ မှုအသင်း	၁□ ၂ Â ၃□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး□	
၅		၁□ ၂□ ၃□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	
၆		၁□ ၂□ ၃□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	
၇		၁□ ၂□ ၃□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ရိုးဂိုး(ရွာသစ်) ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့်အပိုင်းလိုက် လှုပ်ရှားဆောင်ရွက်လျှက်ရှိပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၈ကေနှင့် အထက်	၅ကေ	၃ကေ	-
အိမ်အခြေအနေ	၃ထပ်တိုက်	၂ထပ်တိုက်	တိုက်ပု	ဖက်၊ဝါးထရံကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	စပါးကြိတ်စက်၊ လက်တွန်းထွန်စက်၊ကုန်တင်ကား	ကား၊ဆိုင်ကယ်၊ စက်ဘီး၊သုံးဘီးဆိုင်ကယ်	ဆိုင်ကယ်၊ စက်ဘီး	စက်ဘီး
အဓိကစီးပွားရေးလုပ်ငန်း	လယ်၊ မွေးမြူရေး၊ သစ်စက်	ပြည်ပအလုပ်လုပ်	ပြည်ပအလုပ်လုပ်	ကျဘမ်း
အိမ်ထောင်စု	၂၀	၁၉၇	၂၀	၁၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ကျေးရွာတွင် အဆင်မပြေသောအိမ်ထောင်စုမှာ စုစုပေါင်းအိမ်ထောင်စု၏ (၁၃.၈၉ %) ခန့်ရှိပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၂၁	၈၇.၆၉	မြေမဲ့ယာမဲ့
၂	၂.၅ကေအောက်(၁ ဟတ် တာထိ)	၁၀	၃.၉၇	ဆင်းရဲသားတောင်သူ
၃	၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ)	၃	၁.၁၉	တောင်သူငယ်
၄	၅ကေမှ၁၂.၅ကေကြား (၅ဟတ်တာထိ)	၁၈	၀.၄	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်)			တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၂၅၂	၁၀၀	

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ ရိုးဂိုး(ရွာသစ်)ကျေးရွာတွင်မြေယာမဲ့

အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ကျော်ခန့်ရှိပြီး အများစုသည် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။ ၁၂.၅ ကော အထက် ပိုင်ဆိုင်သည့် တောင်သူကြီးဦးရေ မရှိပါ။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကော	တစ်ဧကော အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများ ဆုံး	ပျမ်းမျှ	
စပါး	၁၄၉.၅	တင်း	၄၀	၅၀	၄၅	သင့်
ကြက်မောက်		လုံး				သင့်
မင်းဂွတ်		လုံး	၅၀၀	၁၀၀၀	၇၀၀	နည်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရိုးဂိုး(ရွာသစ်)ကျေးရွာတွင် ကြက်မောက်သီးနှင့် မင်းဂွတ်သီး စိုက်ပျိုးမှု တနိုင်တပိုင်သာရှိပြီး မိုးစပါးစိုက်ပျိုးသူအနည်းငယ်သာရှိပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၇	၂၄
နို့စားနွား		
ကျွဲ	၂	၁၃
မြင်း	၁	၃
မြည်း		
လား		
ဆိတ်	၄	၂၄
သိုး		
ဝက်	၅	၃၀
ကြက်	၂၃	၁၉၁
ဘဲ	၂	၇၆
နွားနောက်		

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရိုးဂိုး(ရွာသစ်)ကျေးရွာ နွား၊ ကျွဲ၊ မြင်း၊ ဆိတ်၊ဘဲ၊ဝက်၊ကြက်၊ဘဲ တို့ကို တနိုင်တပိုင် မွေးမြူကြပြီးငါး၊ပုဇွန် မွေးမြူရေးနှင့် ရေချိုငါးဖမ်း ၊ကမ်းလွန်ငါးဖမ်း လုပ်ကိုင်သူမရှိပါ။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း				
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	၁၀		၁၅	လတ်
၇	လက်လီ–လက်ကား ရောင်းဝယ်ရေး				
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း				

	အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပညာရေး				
၁၃	ကျန်းမာရေး				
၁၄	လူမှုရေး လုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရိုးဂိုး(ရွာသစ်)ကျေးရွာတွင် စိုက်/မွေးမဟုတ်သော လုပ်ငန်းများအနေဖြင့် အိမ်ဆိုင်ဖွင့်ထားသောအိမ်ခြေအနည်းငယ်ရှိပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) စျေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ စျေးကွက်လက်လှမ်းမီမှု အခြေအနေ

စျေးကွက်လက်လှမ်းမီမှု	**အနီးဆုံးစျေး** (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	**အကြီးစားစျေးကွက်** (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
စျေးအမည် (မြို့/ ရွာ)	ရိုးဂိုးစျေး	မော်လမြိုင်စျေးကြီး
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် Â ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် Â ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐
သယ်ယူပို့ဆောင်ရေးနည်းလမ်း	ခြေလျင် Â စက်ဘီး Â ဆိုင်ကယ် ☐ကား/ထော်လာကျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် Â ကား/ထော်လာကျီ Â ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရိုးဂိုး(ရွာသစ်)ကျေးရွာတွင် စျေးမရှိသော်လည်း ရွာမစျေးနှင့် နီးသောကြောင့် စားသောက်ကုန် (ကုန်စိမ်း၊ကုန်ခြောက်)မီးဖိုချောင်သုံးနှင့်အိမ်သုံးပစ္စည်း ပစ္စည်း များအား အလွယ်တကူဝယ်ယူနိုင်ပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁□၂□၃□ ၄□၅□	ကောင်း□ သင့်□ ညံ့□	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး□	၀-၁ မိုင်□ ၁-၅ မိုင်□ ၅-၁၀ မိုင်□ ၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁□၂□၃□ ၄□၅□	ကောင်း□ သင့်□ ညံ့□	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး□	၀-၁ မိုင်□ ၁-၅ မိုင်□ ၅-၁၀ မိုင်□ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁□၂□၃□ ၄□၅□	ကောင်း□ သင့်□ ညံ့□	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး□	၀-၁ မိုင်□ ၁-၅ မိုင်□ ၅-၁၀ မိုင်□ ၁၀မိုင်အထက်□

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

.....

.....

.....

(၅. ၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □	ပွင့်လင်းရာသီ□တစ်နှစ်ပတ်လုံး□

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
	အသုံးမပြုပါ ☐	
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐	ပွင့်လင်းရာသီ☐ တစ်နှစ်ပတ်လုံး☐

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။

။.....

.....

.....

.....

.....

.....

.....

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	-	၂၄၃	၂၂၁	၁၁	၁၅	၃၉	၃	-

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကား၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာကျီများဖြစ် သယ်ယူပို့ဆောင်ရေးအတွက်အသုံးပြုနေကြပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၂၁၈
ဆိုလာစနစ်	၉
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	

ရင်းမြစ်	အိမ်ထောင်စု
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၁၇

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စုအများစုမှာ လျှပ်စစ်မီးအသုံးပြုကြသော်လည်း ဓါတ်အားပြည့်ပြည့်ဝဝမရရှိခြင်း၊ဓါတ်ကြိုးများဟောင်းနွမ်းပျက်ဆီးနေခြင်းတို့ကြောင့် လိုအပ်သလို အသုံးမပြုနိုင်ပါ။

(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၃၉၁	၅	၂၁၁

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ရိုးဂိုး(ရွာသစ်)ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း ၊ ရေဒီယို၊ တီဗွီ စသည်တို့မှ ရရှိသည့်အပြင် အမ်ပီတီနှင့် တယ်လီနော ဖုန်းတာဝါတိုင်များလည်း အနီးအနား ကျေးရွာတွင်ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၄၅	၅၀	၉၅
အလယ်တန်း	၃၃	၃၇	၇၀
အထက်တန်း	၂၀	၂၅	၄၅
တက္ကသိုလ်/ကောလိပ်	၁၀	၁၈	၂၈

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာပိုင် မူလတန်းကျောင်းတွင် မူလတန်းအဆင့် ပညာရေးကို သင်ကြားနိုင်ပြီး ကော့ခမယ်၊ဖားအောက်၊ရိုးဂိုးနှင့် မော်လမြိုင်မြို့တို့တွင် အလယ်တန်းအဆင့်နှင့် အထက်တန်း အဆင့်များကို ဆက်လက်ပညာသင်ယူကြပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား/သူ များလည်း အနည်းငယ် ရှိပါသည်။

(၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)			(၂)			(၃)		
က။ ကျောင်းအဆင့်	မူလတန်း □ မူလွန် Â အလယ်တန်း(ခွဲ) □ အလယ်တန်း□ အထက်တန်း(ခွဲ)□ အထက်တန်း□			မူလတန်း□ မူလွန်□ အလယ်တန်း(ခွဲ) □ အလယ်တန်း□ အထက်တန်း(ခွဲ)□ အထက်တန်း□			မူလတန်း□ မူလွန်□ အလယ်တန်း(ခွဲ) □ အလယ်တန်း□ အထက်တန်း(ခွဲ)□ အထက်တန်း□		
ခ။ရွာမှအကွာအဝေး(မိုင်)	၀ မှ ၁ မိုင် Â ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □			၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □			၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □		
ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် Â စက်ဘီး Â ဆိုင်ကယ် □ ကား □			ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □			ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၁၉၆၀၀								
င။အမိုး၊နံရံ၊အခင်း အရည်အသွေး	ကောင်းÂသင့်□ညံ့□			ကောင်း□သင့်□ညံ့□			ကောင်း□သင့်□ညံ့□		
စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု	လုံလောက်မှုရှိသည်Â မလုံလောက်ပါ □			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း Â သင့် □ ညံ့ □ မရှိ □			ကောင်း □ သင့် □ ညံ့ □ မရှိ □			ကောင်း □ သင့် □ ညံ့ □ မရှိ □		
ဈ။ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်Â တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □		
ဇ။ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	-	၇	၇						
ကျေးရွာခန့်	-	-	-						

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ရိုးဂိုး(ရွာသစ်)ကျေးရွာရှိ မူလတန်း(လွန်)ကျောင်းတွင်

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောx	မြင့်□	နိမ့်Â	မရှိ□
၂	သွေးလွန်တုပ်ကွေး	မြင့်□	နိမ့်Â	မရှိ□
၃	ငှက်ဖျား	မြင့်□	နိမ့်□	မရှိÂ
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်□	နိမ့်Â	မရှိ□
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်□	နိမ့်Â	မရှိ □
၆	တီဘီ	မြင့်□	နိမ့်Â	မရှိ□
၇	ဆီးချို	မြင့်□	နိမ့်Â	မရှိ□
၈	သွေးတိုး	မြင့်□	နိမ့်Â	မရှိ□
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်□	နိမ့်Â	မရှိ□
၁၀	အာဟာရ ချို့တဲ့မှု	မြင့်□	နိမ့်Â	မရှိ□
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်□	နိမ့်Â	မရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ရိုးဂိုး(ရွာသစ်)ကျေးရွာတွင် သက်ကြီးရွယ်အိုအများစုမှာ သွေးတိုးရောဂါ အဖြစ်များကြပြီး အသည်းရောဂါ(ဘီ၊စီ)၊ အဟာရချို့တဲ့မှုနှင့် အခြားကူးစက်နိုင်သောရောဂါ ခံစားနေရသူ အနည်းရှိပါသည်။ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါများမှာ မိုးရာသီတွင် အနည်းငယ် ဖြစ်လေ့ရှိပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	Â	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	Â	
၃	ပိုလီယိုရောဂါ	Â	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	Â	
၅	ဝက်သက်ရောဂါ	Â	
၆	အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု	Â	
၇	အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	Â	
၈	အာဟာရပညာပေး အစီအစဉ်	Â	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပြီး၊ကျန်းမာရေးဟောပြောပွဲများ ပြုလုပ် ကျင်းပသည် ကိုလည်းတွေ့ရှိရပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် Â ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက်□	ရှိ Â မရှိ □
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် Â ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက်□	ရှိ Â မရှိ □
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် Â ၁၀ မိုင်အထက်□	ရှိ Â မရှိ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းရိုးဂိုးတိုက်နယ်ဆေးရုံနှင့် နီးပြီး အလွယ်တကူ သွားလာနိုင်သောကြောင့် အရေးပေါ်အခြေအနေတွင် ရိုးဂိုးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများ မရှိပေ။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း	၁၆၈/၈၄	ကောင်းÂ သင့်□ ညံ့□	နွေရာသီတွင်လုံလောက်မှု မရှိပါ။
အဝီစိတွင်း/ စက်တပ်		ကောင်း□ သင့်□ ညံ့□	
အဝီစိတွင်း/ တုံကင်		ကောင်း□ သင့်□ ညံ့□	
မိုးရေ သိုလှောင်ကန်		ကောင်း□ သင့်□ ညံ့□	
မြစ်/ချောင်းရေ		ကောင်း□ သင့်□ ညံ့□	
ရေကန်		ကောင်း□ သင့်□ ညံ့□	

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
စိမ့်စမ်းရေ		ကောင်း☐ သင့်☐ ညံ့☐	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ရိုးဂိုး(ရွာသစ်)ကျေးရွာတွင် သောက်သုံးရေအတွက် လက်တူးတွင်းမှ ရေကို အဓိကအသုံးပြုကြပြီး နွေရာသီတွင် သောက်သုံးရေ လုံလောက်မှုမရှိသောကြောင့် ဝယ်ယူသုံးစွဲကြရပါသည်။

(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	၄၅
ရေလောင်း/ယင်လုံအိမ်သာ	၂၈/၆
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အိမ်ထောင်စုအားလုံးမှာ သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	-
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	-
၃	ရေကြီးခြင်း	-
၄	မိုးခေါင်ခြင်း	-
၅	အအေးလွန်ကဲခြင်း	-
၆	မုန်တိုင်း	-
၇	ငလျင်	-
၈	မီးဘေး	-
၉	ဆားငန်ရေဝင်မြေ	-
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	-
၁၁	သစ်တောပြုန်းတီးခြင်း	-
၁၂	၄င်္ဂဖျားရောဂါ	အနည်းငယ်ဖြစ်ပွား

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁၃	တိဘီရောဂါ	အနည်းငယ်ဖြစ်ပွား -
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	-
၁၅	ပြည်တွင်း ပဋိပက္ခ	-
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	-
၁၇	လူကုန်ကူးခြင်း	-
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရိုးဂိုး(ရွာသစ်)ကျေးရွာရှိ ကျေးရွာသူ/သားများသည် နိုင်ငံရပ်ခြားသို့သွားရောက်လုပ်ကိုင်သူ များပြားခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံမှု မရှိပါ။ မြို့နှင့်နီးသောကြောင့် အခြားသောဘေးအန္တရာယ် များမရှိပါ။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီညြဖောအခြေအနေ	လတ်	စိုက်ပျိုးမြေ အများစုမှာ မြေဆီလွှာ ကောင်းမွန် မှုမရှိပါ။
အပင်မျိုးစိတ်များ	နိမ့်	အပင်မျိုးစိတ် အနည်းငယ်သာတွေ့ရှိ နိုင်ပါသည်။
ရေအရင်းအမြစ်	-	-
ငါးမျိုးကွဲများ	-	-
အခြားတိရစ္ဆာန်မျိုးကွဲများ	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရိုးဂိုး(ရွာသစ်)ကျေးရွာ၏ မြေဆီလွှာအခြေအနေမှာ အသင့်အတင့် ကောင်းမွန်သဖြင့် အထွက်နှုန်းနည်းပါသည်။ အပင်မျိုးစိတ်များမှာလည်းရှားပါးလာပြီးဖြစ်ပါသည်။ ငါးမျိုးကွဲများနှင့် အခြားတိရစ္ဆာန်မျိုးကွဲများ လက်လှမ်းမီမှုမရှိပါ။

(၁၀ ကျား - မ ရေးရာ

ဇယား (၂၅) ကျား - မ ရေးရာ

#	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ□	မရှိÂ
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ	ရှိÂ	မရှိÂ

#	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
	တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု		

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်လုပ်ဆောင်မှု မရှိသည်ကိုတွေ့ရှိရပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်မည့် မော်လမြိုင်မြို့နယ်၊ ဇော်ကုန်းကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းနိုင်မည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	လျှပ်စစ်မီးကြိုးများ ဟောင်းနွမ်းပျက်ဆီးနေခြင်း	ဓါတ်အားအားနည်းငယ်သာ ရရှိခြင်း	လျှပ်စစ်မီး အလွယ်တကူ ချိတ်ဆက်နိုင်ခြင်း	ငွေကြေးမတတ်နိုင်ခြင်း	လျှပ်စစ်ဌာနနှင့် ချိတ်ဆက်နိုင်ခြင်း	အိမ်တိုင်းလျှပ်စစ်မီး အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်း
၂	မြေသားလမ်းဖြစ်ခြင်း	ရွာတွင်းလမ်းမကောင်းခြင်း		ငွေကြေးမတတ်နိုင်ခြင်း	ကျေးလက်လမ်းဦးစီးဌာနနှင့်ချိတ်ဆက်နိုင်ခြင်း	ရွာတွင်းလမ်းကွန်ကရစ် ခင်းခြင်း
၃	ကျောင်းသား/သူများ စာသင်ကြားရန် ခက်ခဲခြင်း	ကျောင်းခေါင်မိုးအမိုးမလုံခြင်း၊မျက်နှာကျက် မရှိခြင်း	ပညာရေးဌာနသို့ တင်ပြနိုင်ခြင်း	ကျောင်းသားမိဘများမှ ကိုယ်ထူ ကိုယ်ထ ပြုလုပ်ရန် ငွေကြေးမတတ်နိုင်ခြင်း	ပညာရေးဌာနနှင့် ချိတ်ဆက်ရန်	ကျောင်းအမိုး ပြုပြင်ခြင်း၊ မျက်နှာကျက် တပ်ဆင်ခြင်း